ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၇/၂၀၁၈)

| | |
|---|---|
| Mr. Dai Hai Feng (MD)၊<br>ဦးသက်နိုင်ထွန်း (အထက်တန်းရှေ့နေ)<br>(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊<br>Nakagawa Chemical Equipment Myanmar<br>Co.,Ltd.၊ အခန်း (၃/က)၊ အမှတ် (၅)၊<br>တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)၊<br>တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးငြိမ်းချမ်းဇော်၊<br>တိုက်(၁)၊ အခန်း (၁၀၁)၊ ကျိုက္ကဆံအိမ်ရာ၊<br>တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ၂၄ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ ဒုတိယထပ်၊ အခန်း (၃/က)၊ အမှတ် (၅) ရှိ Mr. Dai Hai Feng (MD)၊ ဦးသက်နိုင်ထွန်း (အထက်တန်းရှေ့နေ) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ Nakagawa Chemical Equipment Myanmar Co.,Ltd. နှင့် ဦးငြိမ်းချမ်းဇော်တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို တာမွေမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်

တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၈၈/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဖွန် လ ၂၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ Mr. Dai Hai Feng (MD) ထံတွင် တောင်းဆိုသူ ဦးငြိမ်းချမ်းဇော်က အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးရလို ကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်မှ အောက်ပါကောက်ချက် အမှတ် (၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးငြိမ်းချမ်းဇော်အား အလုပ်ရပ်စဲခံရမှုအတွက် နစ်နာကြေး ရထိုက်/ မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးငြိမ်းချမ်းဇော်အား နို့တစ်ကြေးတစ်လစာနှင့် အလုပ်ထုတ်နစ်နာ ကြေးတစ်လခွဲစာ စုစုပေါင်း နှစ်လခွဲစာကို တစ်လလျှင် ၉၉၂၀၀ိ/- နှုန်းဖြင့် ၂၄၈၀၀၀ိ/- (ကျပ်နှစ်ဆယ့်လေးသိန်းရှစ်သောင်းတိတိ) အား ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၈၈/၂၀၁၈) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Mr. Dai Hai Feng (MD) မှ ခုံသမာဓိကောင်စီသို့ လျှောက်ထား လာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၈)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၅၇/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးသိန်းကြွယ်တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်သို့နှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ လျှောက်ထားသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက် များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

ကောက်ချက်အမှတ်(၁)။ ဦးငြိမ်းချမ်းဇော်အား အလုပ်ရပ်စဲခံရမှုအတွက် နစ်နာကြေး ပေးရန် သင့်/မသင့်။

**<u>စစ်ဆေးတွေ့ရှိချက်</u>**

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ၂၄-၇-၂၀၁၈ ရက်နေ့တွင် တွေ့ဆုံခဲ့ပြီးနောက် တစ်ဦးချင်းစီ၏ ထွက်ဆိုတင်ပြချက်များကို အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) အလုပ်ရှင်၏ကိုယ်စား ဦးသက်နိုင်ထွန်း (အထက်တန်းရှေ့နေ)၏ ထွက်ဆိုတင်ပြချက်အရ ယခင်က အလုပ်ထုတ်ပယ်ခြင်းအမိန့်စာကို ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း ၁၄-၆-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂၇ တွင် ဦးငြိမ်းချမ်းဇော်အား အလုပ်မှ အပြီးအပိုင်ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ဦးငြိမ်းချမ်းဇော်သည် ကုမ္ပဏီအား ကိုယ်စားပြု၍ ဆောင်ရွက်ခြင်း မပြုတော့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ထည့်သွင်းပါရှိပါသည်။ မိမိတို့အနေဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်ကို လိုက်နာအကောင်အထည်ဖော်မည်ဖြစ်ကြောင်း ထွက်ဆိုခဲ့ပါသည်။

(ခ) အလုပ်သမား ဦးငြိမ်းချမ်းဇော်မှ ထွက်ဆိုရာတွင် မိမိသည် ကုမ္ပဏီ၏ Project Assistant တစ်ဦးဖြစ်ပြီး ၎င်းကုမ္ပဏီနှင့် ဆက်လက်ဆောင်ရွက်ရန် အခြေအနေမရှိတော့ပါ၍ ဥပဒေပါ ခံစားခွင့်များကို ရရှိလိုပါကြောင်း ထွက်ဆိုခဲ့ပါသည်။ ထို့ပြင် ကုမ္ပဏီအနေဖြင့် ၎င်း၏လစာမှ ဖြတ်တောက်၍ အခွန်ဆောင်ခဲ့သော စာရွက်စာတမ်းများ၊ လူမှုဖူလုံရေးထည့်ဝင်ကြေးများနှင့်ပတ်သက်၍ ဖြတ်ပိုင်းများကို ရရှိလိုပါကြောင်းနှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

(ဂ) အလုပ်ရှင်၏ ထွက်ဆိုချက်နှင့် အလုပ်သမား ဦးငြိမ်းချမ်းဇော်၏ လစာထုတ်ယူမှုအခြေပြဇယားတို့ကို တိုက်ဆိုင်စစ်ဆေးခဲ့ရာ Working Lunch Allowance ၃၂,၀၀၀ိ/- နှင့် Mobile Allowance ၂၀,၀၀၀ိ/-၊ စုစုပေါင်း ၅၂,၀၀၀ိ/- တို့သည်

အလုပ်ရပ်စဲမှုနစ်နာကြေးတွင် ထည့်သွင်းတွက်ချက်ရန် မလိုကြောင်းစိစစ်တွေ့ရှိခဲ့ပါသည်။

သုံးသပ်ချက်

၇။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သို့ တင်ပြခဲ့သော စာရွက်စာတမ်းများ၊ ထွက်ဆိုချက်များကို အခြေပြု၍ သုံးသပ်ရာတွင် ဦးငြိမ်းချမ်းဇော်သည် UNITED STAR AQUA COMPANY LIMITED ၏ သင်းဖွဲ့စည်းမျဉ်း စည်းကမ်း Form 26 တွင် Director တစ်ဦးအဖြစ် အမည်ပေါက်သော်လည်း အမှန်တကယ်တွင် ၎င်း၏ထွက်ဆိုချက်အရ Mr. Dai Hai Feng (MD) ပိုင်ဆိုင်သော Nakagawa Chemical Equipment Myanmar Co.,Ltd. တွင် Project Assistant အဖြစ် တာဝန်ယူဆောင်ရွက်ရသည် ဖြစ်ပြီး အလုပ်ရှင် Mr.Dai Hai Feng (MD) သည် အလုပ်မှထုတ်ပယ်ကြောင်း နို့တစ်စာ တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိခဲ့သော်လည်း ၁၄-၆-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ တွင် အလုပ်မှထုတ်ပယ်ခဲ့သည့်သတင်းကို ထုတ်ပြန်ခဲ့သဖြင့် အလုပ်ရပ်စဲခဲ့သည့်အကြောင်းကို ထောက်ချင့်ပြီး တည်ဆဲဥပဒေပါ ခံစားခွင့်များကို အလုပ်သမား ဦးငြိမ်းချမ်းဇော်အား ပေးအပ် ခံစားခွင့်ပြုသင့်ကြောင်း ခုံအဖွဲ့မှ သုံးသပ်ပါသည်။ ထိုသို့ သုံးသပ်ချက်နှင့်အညီ အလုပ်သမား ဦးငြိမ်းချမ်းဇော်ရရှိမည့် ခံစားခွင့်များကို ဥပဒေနှင့်အညီ တွက်ချက်စိစစ်ခဲ့ရာတွင် နောက်ဆုံးထုတ် လစာ ၉၉၂,၀၀၀ိ/- တွင် Working Lunch Allowance ၃၂,၀၀၀ိ/- နှင့် Mobile Allowance ၂၀,၀၀၀ိ/-၊ စုစုပေါင်း ၅၂,၀၀၀ိ/- တို့သည် အလုပ်ရပ်စဲမှုနစ်နာကြေးတွင် ခံစားခွင့်မရှိသည်ဖြစ်၍ ၉၉၂,၀၀၀ိ/- မှ ၅၂,၀၀၀ိ/- ကို နုတ်ပယ်ပြီး ရသင့်ငွေ ၉၄၀,၀၀၀ိ/- ကို ဥပဒေနှင့်အညီ ခံစားခွင့်ပြုရန် သုံးသပ်ပါသည်။ သို့ဖြစ်၍ နို့တစ်ကြေးတစ်လစာ ၉၄၀,၀၀၀ိ/-နှင့် လုပ်သက်အလိုက် နစ်နာကြေးငွေ တစ်လခွဲစာ ၁,၄၁၀,၀၀၀ိ/-၊ စုစုပေါင်း ၂,၃၅၀,၀၀၀ိ/- ကို အမှန်ခံစားခွင့်ပြုရမည် ဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန်အကြောင်း ပေါ်ပေါက်လာသည် ဖြစ်၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၀၁၈ ခုနှစ် ဖွန်လ ၂၇ ရက် ရက်စွဲပါ အငြင်းပွားမှုအမှတ် (၈၈/၂၀၁၈) ဆုံးဖြတ်ချက်ကို ပြင်ဆင်၍ အလုပ်ရှင်မှ အလုပ်သမားအား နို့တစ်ကြေးတစ်လစာ ၉၄၅၀,၀၀၀ိ/-နှင့် လုပ်သက်အလိုက် နစ်နာကြေးငွေ တစ်လခွဲစာ ၁,၄၁၀,၀၀ိ/-၊ စုစုပေါင်း ၂,၃၅၀,၀၀ိ/- ပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးသောင်းစိန် | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |